ပေါ်လောကျေးရွာ

မြဝတီမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၂၃)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပေါ်လောကျေးရွာ၊ မြဝတီမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊မြဝတီမြို့နယ်မှ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ မတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ပေါလောကျေးရွာ သယံဇာတပြမြေပုံ၊ မြဝတီမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၉ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၁ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၅ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၆ |
| | **နောက်ဆက်တွဲ** (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၃ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၀ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၂ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၄ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သောကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကိုမြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

မတ်လ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပေါ်လောကျေးရွာ

မြဝတီမြို့နယ်

ပေါ်လောကျေးရွာ သယံဇာတပြမြေပုံ၊ မြဝတီမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

**ပေါ်လောကျေးရွာ**သည် ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ မြဝတီမြို့နယ်၏ **ပေါ်လော** ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ဖော့ရှမ်းကျေးရွာ ၊အနောက်ဘက်တွင် ဒေါနတောင်တန်း၊ မြောက်ဘက်တွင် သံပုရာကျေးရွာ၊ တောင်ဘက်တွင် **ခမရ(၃၅၆)တပ်ရင်းတို့နှင့် ဆက်စပ်လျှက်**တည်ရှိနေပါသည်။ကျေးရွာတွင် ကရင်လူမျိုးများသာ စုပေါင်းနေထိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၂၂၀) ဧကနှင့် တောင်ယာမြေ (၁၅)ဧက၊ ဥယာဉ်ခြံမြေ(၃၀၆)ဧက၊စားကျက်မြေ (၁)ဧက စုစုပေါင်း (၅၄၃)ဧကရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။မြေဆီလွှာအရည်အသွေးမှာအသင့်အတင့်ကောင်းမွန်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့ (ကျား – ၁၆ ဦး)၊မီးသတ်အဖွဲ့(ကျား –၇ ဦး)၊ဂေါပကအဖွဲ့ (ကျား – ၁၀ ဦး)၊လူငယ်အဖွဲ့ (ကျား – ၃၅ ဦး)တို့ သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စည်းရုံး လုပ်ဆောင်နေကြပါသည်။ အမျိုးသမီးရေးရာအဖွဲ့ (မ – ၅ ဦး)၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ (မ – ၅ဦး)တို့သည် ကျေးရွာ၏ ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်နေကြပါသည်။ ကျောင်းအကျိုး တော်ဆောင်အဖွဲ့(ကျား – ၄ ဦး/ မ – ၃ ဦး ပေါင်း = ၇ ဦး)သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျှက် ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း **ပေါ်လောကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း အနေဖြင့် မရှိပါ။**

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ပေါလောကျေးရွာတွင်၂.၅ ကေအောက် ဆင်းရဲသားတောင်သူ (၂၃) အိမ်ထောင်စု၊ ၂.၅ကေမှ ၅ ကေကြား တောင်သူငယ် (၈၇) အိမ်ထောင်စု၊ ၅ ကေမှ ၁၂.၅ ကေကြား တောင်သူလတ် (၅၀) အိမ်ထောင်စု၊ ၁၂.၅ ကေ အထက် တောင်သူကြီး (၆) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါး၊ဥယျာဉ်ခြံမြေများကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စုထက် (၂၀) အိမ်ထောင်စုရှိပြီး အများစုသည်နေ့စားကျပန်းလုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာအဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး နွေရာသီတွင် အခြားဟင်းသီးဟင်းရွက်သီးနှံပင်ကို အနည်းငယ်စိုက်ပျိုးကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ကေပျမ်းမျှ (၃၅)တင်း ထွက်ရှိပြီး ကွမ်းသီးအထွက်နှုန်းမှာ တစ်ကေပျှမ်းမျှ (၅၅)ပိဿာ ခန့်ထွက်ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၇၇) စီး၊ခြွေလှေ့စက် (၄)လုံးရှိပြီး၊ မြက်ရိတ်စက် (၃၂) လုံး ရှိပါသည်။ အဖွဲ့ပိုင် ထွန်စက်၊ ခြွေလှေ့ မရှိပါ။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ကြပါသည်။

စပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုများ အနည်းငယ် ကျရောက်ပါသည်။ ၎င်းအပြင် အခြားဟင်းသီးဟင်းရွက်သီးနှံပင် စိုက်ပျိုးချိန်များတွင်လည်း အရွက်ဖျက်ပိုးနှင့် သီးနှံခေါင်ပိုးအနည်းငယ်ကျရောက်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၉၈) အိမ်ရှိပြီး နွားကောင်ရေ (၄၂၅) ကောင်၊ အိမ်ထောင်စု (၂၂)အိမ်ရှိပြီး ကျွဲကောင်ရေ (၇၁)ကောင်၊ အိမ်ထောင်စု (၅၇) အိမ်မှ ဆိတ် (၂၁၈) ကောင်၊ အိမ်ထောင်စု (၁၃၇) အိမ်မှ ဝက် (၃၁၀) ကောင်၊ အိမ်ထောင်စု (၁၂၈) အိမ်မှ ကြက် (၆၈၅) ကောင်၊ အိမ်ထောင်စု (၂၃) အိမ်မှ ဘဲ(၇၆) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် အိမ်ထောင်စုများသည် မွေးမြူရေးလုပ်ငန်း၊လက်သမား၊ ပန်းရံလုပ်ငန်း၊ ဈေးအရောင်းအဝယ်လုပ်ငန်းများနှင့် နေ့စားကျပမ်းလုပ်ငန်း စသည့်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးမှုလုပ်ကိုင် နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု အားနည်းပါသည်။ လယ်ယာသားငါးထွက်ကုန်မဟုတ်သောအခြားဥယျာဉ်ခြံထွက်သီးနှံများကို ရောင်းချရန်ဈေးကွက် အသင့်အတင့် ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင်ပုံစံ (၇)ဖြင့် တစ်ဧကလျှင် (၁)သိန်းခွဲနှုန်းဖြင့် ချေးယူ၍ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေနည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာလိုသလောက်မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိ ငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် စက်ဘီး (၃၅) စီး၊ မော်တော်ဆိုင်ကယ် (၁၁၅)စီး၊ ထော်လာဂျီ (၃၃) စီး၊ကား (၁၇)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် ကွန်ကရစ်လမ်း (၂)လမ်း၊ ကတ္တရာလမ်း (၂)လမ်းနှင့်မြေသားလမ်း (၇)လမ်းရှိပြီးအချို့သော ကွန်ကရစ်လမ်းများကို ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ကျေးရွာပြည်သူ

များလုပ်အားတို့ဖြင့်ဆောင်ရွက်ထားပါသည်။ ကတ္တရာလမ်းမှာ ကျေးရွာချင်းဆက်လမ်းမကြီးဖြစ်ပြီးသွားလာရအဆင်ပြေပါသည်။မိုးတွင်းကာလများတွင် မြေသားလမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

ပေါလောကျေးရွာတွင် ကွန်ကရစ်တံတား(၂) စင်း၊ သစ်တားတံတား (၂)စင်း ၊ ရေပြွန်တံတား(၃)စင်းရှိပါသည်။ အချို့သောလမ်းများမှာ လွန်ခဲ့သောနှစ်များစွာမှ တည်ဆောက်ခဲ့သောကြောင့် ပျက်စီးယိုယွင်းမှုရှိကာ ပြုပြင်ရန်လိုအပ်နေပါသည်။ ကျေးရွာချင်းဆက်လမ်းမကြီးပေါ်ရှိတံတားများမှာကားကြီးများ၊ တန်ပို ယာဉ်များဖြတ်သန်းနေကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းမရောက်ရှိသေးပါ။ ဆိုလာစနစ်၊ အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများလည်း ရှိကြပြီး လျှပ်စစ်မီးလုံးဝ အသုံးမပြုနိုင်သေးသောအိမ်ထောင်စု (၁၈၆)စု ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ပေါလောကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၃၅) လုံး၊ ရေဒီယို (၂၂)လုံး၊တီဗွီ (၆၇)လုံး၊ ဂြိုလ်တုစလောင်း (၂၅)လုံး စသည်တို့မှ ရရှိပါသည်။ ကျေးရွာတွင် ဖုန်းတာဝါတိုင်များ မရှိသဖြင့် ဆက်သွယ်ရေးတွင် အသင့်အတင့်သာရှိပါသည်။

၆။ ပညာရေး

ပေါလောကျေးရွာတွင်မူလတန်းအဆင့်ကျောင်း(၁)ကျောင်းရှိပါသည်။တက္ကသိုလ်တက်နေသည့် ကျောင်းသားကျောင်းသူများလည်း အနည်းငယ် ရှိပြီးမူလတန်းကျောင်းတွင် ကျေးရွာတွင်းရှိ ကလေးငယ်များသာ ပညာသင်ကြားကြပါသည်။ ထို့ပြင်ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိပါ။ ကလေးများလုံခြုံစွာ ပညာသင်ကြားနိုင်ရန်အတွက် ကျောင်းခြံစည်းရိုး ပတ်လည်အား ကာရန်ရန်လိုအပ်နေပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သူများမှာ လူဦးရေ၏ (၄၄.၃၂) ရာခိုင်နှုန်း၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၅.၅၂) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၅.၉၇) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၀.၇၅)ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သည့်ကာကွယ်ဆေးများအား ကျေးရွာ အထိနှစ်စဉ်နှစ်တိုင်း လာရောက်ထိုးပေးလျှက်ရှိပြီး၊ ကျေးရွာတွင် ကျေးလက် ကျန်းမာရေး ဌာနခွဲရှိသည့်အပြင် ကုတင်နှင့်ဆေးဝါး အလုံအလောက်ရှိပါသည်။ မြဝတီမြို့နှင့်နီးသဖြင့် အရေးပေါ်အခြေအနေတွင် မြဝတီမြို့နယ်ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်ပြီး ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများမရှိပေ။

ကျေးရွာတွင် သောက်သုံးရေများကို တောင်ကျစိမ့်စမ်းရေမှ ရေပိုက်လိုင်းသွယ်တန်း ၍ အချို့မှာလည်းလက်တူးတွင်းများဖြင့် အဓိကထား အသုံးပြုကြ သော်လည်း နွေရာသီတွင် ရေတွင်းများမှာ ရေခမ်းသဖြင့် အချို့သောအိမ်ထောင်စုများအတွက် စက်ရေတွင်း လိုအပ်နေပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု အများအပြားရှိပြီး မသန့်ရှင်းသောယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စု မှာအနည်းငယ်သာ ရှိပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ပေါလောကျေးရွာတွင် လက်လုပ်လက်စားကျပန်းလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

ပေါလောကျေးရွာတွင်သဘာဝဆေးဖက်ဝင် အပင်များနှင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များ အနည်းငယ်ရှိပါသည်။မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောနှင့်သွေးလွန်တုပ်ကွေး ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ တီဘီရောဂါ ဖြစ်ပွားသည့် လူနာအနည်းငယ်သာ ရှိပါသည်။ ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ကြက်၊ ဝက်ဆိုင်ရာ ရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ပေါလောကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုအားနည်း သော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်း ဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများအားနည်း ကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – ပေါလော | | | ကျေးရွာအမည် – ပေါလော | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | သက်ဆိုင်ရာ အဖွဲ့ဝင်များအား စီမံခန့်ခွဲမှု၊ ခေါင်း ဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ် ဆောင်ရွက်ခြင်း။ | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်း သင်တန်းများ  ဆောင်ရွက်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာသင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၆ | စိုက်ပျိုးရေး | ဈေးကွက် | ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြင့်ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။ | |
| ၇ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၈ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မွေးမြူရေးထုတ်ကုန် ဈေးကွက် ရှာဖွေချိတ်ဆက်ခြင်း။ | |
| ၉ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၁၀ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) | |

| ကျေးရွာအုပ်စုအမည် – ပေါလော | | | ကျေးရွာအမည် – ပေါလော | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁၁ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။ | |
| ၁၂ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | |
| ၁၃ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။ | |
| ၁၄ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းခြံစည်းရိုး ကာရံခြင်း။ | |
| ၁၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်တင်းခြင်း။ | |
| ၁၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | လေးခန်းတွဲအိမ်သာ (၂) လုံး တည်ဆောက်ခြင်းနှင့် အိမ်သာအဟောင်းများ ပြုပြင်ခြင်း။ | |
| ၁၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ဆိုလာပြား တပ်ဆင်ပေးခြင်း။ | |
| ၁၈ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | expended programe immunization (ကလေးကစားစရာပစ္စည်းများ) ထားရှိခြင်း။ | |
| ၁၉ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | Social media (computer ၊ projector ၊ မိုက် ၊ ဆောင်းဘောက် ၊ မီးစက်) ဖြည့်တင်းခြင်း။ | |
| ၂၀ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။ | |
| ၂၁ | ကျန်းမာရေး | သားဖွားဆရာမ၊ကျေးလက်ကျန်းမာရေးမှူး | ကျန်းမာရေးလုပ်သားများ မွေးထုတ်ပေးခြင်း။ | |

| ကျေးရွာအုပ်စုအမည် - ပေါ်လော | | | ကျေးရွာအမည် - ပေါ်လော | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၂၂ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ဘုန်းကြီးကျောင်းဘေး (၁)လမ်း(၅၂၀'×၁၅'×၆") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ဘုန်းကြီးကျောင်းဘေး (၂)လမ်း(၆၀၀'×၁၂'×၆") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | ဆောင်ရွက်ပြီး |
| ၂၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်း (၄၀၀'×၁၂'×၆") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်း (၁၂၀၀'×၁၂'×၆") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်း (၆၀၀'×၁၂'×၆")ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်း (၈၀၀'×၁၂'×၆") ကို ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၈ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာမြောက်ဘက် လယ်တံတား (၇၀'×၈'×၁၃') ကို သစ်သားတံတားအဆင့်မှ ကွန်ကရစ်တံတားသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၉ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | -တံတား (၁၆'×၁၂'×၁၀') ကို သစ်သားတံတားအဆင့်မှ ကွန်ကရစ်တံတားသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၃၀ | လျှပ်စစ် | မိသားစုသုံးဆိုလာ | ကျေးလက်ဦးစီးဌာန၏ ဆိုလာဖြန့်ဖြူးမှု အစီအစဉ်နှင့် ချိတ်ဆက်တင်ပြခြင်း။ | |
| ၃၁ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | လျှပ်စစ်မီးရရှိရန်သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် - ပေါ်လော | | | ကျေးရွာအမည် - ပေါ်လော | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၃၂ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည် မြင့်တင်ရေး သင်တန်းများ စီစဉ်ခြင်း။ | |
| ၃၃ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ကျေးရွာပိုင် ဗဟုသုတ လေ့လာရေး စင်တာတစ်ခု တည်ထောင်ခြင်း။ | |
| ၃၄ | လူငယ်နှင့်အားကစား | အားကစား | အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်း များ ဖြည့်တင်းခြင်း။ | |
| ၃၅ | လူငယ်နှင့်အားကစား | အားကစား | လျာထားအားကစားကွင်း (၃)ကေ မြေနေရာအား စက်ထိုးမြေညှိခြင်း။ | |
| ၃၆ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၃၇ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။ | |
| ၃၈ | | | | |
| ၃၉ | | | | |

နောက်ဆက်တွဲ (၁)

## ပေါ်လောကျေးရွာ၊ ပေါ်လောကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးလေးရွှေ | ဦးနွဲ့သာ | ၃/မဝတ (နိုင်) ၀၁၅၃၉၂ | ၄၈ | နာယက | ၀၉၄၅၀၃၁၅၀၂၅ |
| ၂ | ဦးစောဂေးထီး | ဦးထွန်းအေး | ၃/မဝတ (နိုင်) ၀၂၀၈၇၉ | ၃၉ | နာယက | |
| ၃ | ဦးဖားလားဖော | ဦးနုကလေး | ၃/မဝတ (နိုင်) ၀၀၅၇၉၆ | ၅၉ | နာယက | |
| ၄ | ဦးသောင်းတင် | ဦးကျော်ပွင့် | ၃/မဝတ (နိုင်) ၀၁၃၄၀၁ | ၅၁ | ဥက္ကဋ္ဌ | ၀၉၂၅၂၃၃၀၃၂၂ |
| ၅ | ဦးစောဖားတေးလေး | ဦးသိန်းပွယ် | ၃/မဝတ (နိုင်) ၀၁၅၃၇၈ | ၄၁ | အတွင်းရေးမှူး | - |
| ၆ | ဦးစောဖိုးသာထူး | ဦးတာရှုး | ၃/မဝတ (နိုင်) ၀၃၃၅၆၆ | ၃၄ | ဘဏ္ဍာရေးမှူး | ၀၉၂၆၄၂၅၇၉၃၆ |
| ၇ | ဒေါ်နော်ပဲ့ဒါး | ဦးစောဒိဟဲ | ၃/မဝတ (နိုင်) ၀၅၂၁၃၆ | ၂၆ | စာရင်းကိုင် (၁) | ၀၉၄၅၄၅၄၀၂၅၆ |
| ၈ | ဒေါ်နော်ကယ်ဝေါ် | ဦးစောအို့ဟဲ | ၃/မဝတ (နိုင်) ၀၄၇၉၅၀ | ၂၃ | စာရင်းကိုင် (၂) | ၀၉၄၅၄၇၃၂၄၂၂ |
| ၉ | ဒေါ်နော်ဝါးဝါး | ဦးဖားအို | ၃/မဝတ (နိုင်) ၀၅၂၀၅၀ | ၂၉ | အဖွဲ့ဝင် | ၀၉၂၆၀၄၃၁၁၄၀ |
| ၁၀ | ဦးစောသိန်းမြင့်ဆွေ | ဦးခင်မြင့်ဆွေ | ၃/မဝတ (နိုင်) ၀၂၅၂၅၄ | ၃၆ | အဖွဲ့ဝင် | - |
| ၁၁ | | | | | | |
| ၁၂ | | | | | | |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) ပေါလောကျေးရွာ၏လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၅ | ၆ | ၂၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၄၈ | ၂၆ | ၇၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၄ | ၃၉ | ၈၃ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၄ | ၅၄ | ၁၀၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၆၆ | ၂၈၀ | ၅၄၆ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၃ | ၂၁ | ၃၄ |
| စုစုပေါင်း | | ၄၄၀ | ၄၂၆ | ၈၆၆ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၈၆ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ပေါလောကျေးရွာသည်အိမ်ထောင်စု(၁၈၆)စု၊ လူဦးရေ (၈၆၆)ဦးရှိပါသည်။ ပေါလောကျေးရွာတွင် အလုပ်မလုပ်နိုင်သည့်တစ်နှစ်အောက်နို့စို့အရွယ် (၂.၄၂%)၊ (၅)နှစ်အောက် ကလေးငယ်(၈.၅၄%)၊မူလတန်းကျောင်းသားအရွယ် (၉.၅၈%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၂.၄၇%)၊အလုပ်လုပ်နိုင်သည့်အရွယ် (၆၃.၀၄%)၊ သက်ကြီးရွယ်ကြီး (၃.၉၂%) ရှိပါသည်။ ပျမ်းမျှအနေဖြင့်အလုပ်မလုပ်နိုင်သည့်လူဦးရေသည်တစ်ရွာလုံးရှိလူဦးရေ၏ (၃၆.၉၅%) ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ်ကျား(၂၆၆)ဦး၊မ(၂၈၀)ဦး စုစုပေါင်း (၅၄၆)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ ၏ (၆၃.၀၄%)ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၆၅)ဦးနှုန်းရှိသောကြောင့် ကျေးလက် အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅) ဦးနှုန်းခန့်ရှိနေပါသည်။ ကျေးရွာအတွင်းအလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ်ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင် ငွေရလုပ်ငန်းအဖြစ်လုပ် ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁၃ | ၂၆၉ | - | မြင့်☐လတ်✓နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅၀ | ၁၄၇ | - | မြင့်☐လတ်☑နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၃ | ၁ | မြင့်☐လတ်☐နိမ့်✓ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၂ | - | မြင့်☐လတ်☐နိမ့်✓ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | ၁ | မြင့်☐လတ်✓နိမ့်☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | ၂ | မြင့်☐လတ်✓နိမ့်☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၃ | ၂၃ | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | စုစုပေါင်း | ၁၈၁ | ၄၄၈ | ၄ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်"မိသားစုဝင်လုပ်အား" ထပ်မံ

ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)”** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု**“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။ပေါလောကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားအသက်မွေးဝမ်းကျောင်း ပြုသောကျေးရွာဖြစ်သည်ဟု ဆိုနိုင်သည်။ တောင်သူများသည် စပါးတစ်မျိုးကိုသာ စိုက်ပျိုး ကြပါသည်။ကျေးရွာရှိ အိမ်ခြေ(၁၈၆)အိမ်အနက်(၅၀)အိမ်သည်စိုက်ပျိုးရေးလုပ်ငန်းကို ကိုယ်ပိုင် လုပ်ငန်းအဖြစ် အဓိကလုပ်ကိုင်ကြပြီး မြေငှားရမ်းလုပ်ကိုင်သည့် အိမ်ထောင်စု (၁၁၃)စုရှိပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းဖြင့် လုပ်ကိုင်သောမိသားစုမရှိပါ။ တစ်ပိုင်တစ်နိုင် အိမ်စားရုံမျှ မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ လက်သမား/ ပန်းရံလုပ်ငန်း၊ ဈေးအရောင်းအဝယ်၊ ပညာရေး၊ ကျန်းမာရေးဝန်ထမ်းလုပ်ငန်းလုပ်ကိုင်သူမိသားစုများလည်းရှိပြီး ကျဘမ်းလုပ်ကိုင်သူ မိသားစု အနည်းငယ်ရှိပါသည်။ ကျေးရွာအတွင်း စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် လက်လီ အရောင်းအဝယ်များတွင်သာ အလုပ်အကိုင်အခွင့်အလမ်းများရှိပြီး အခြားအသက်မွေးမှု နည်းပညာ များတတ်မြောက်သည့် အိမ်ထောင်စုနည်းပါးသဖြင့် ကျေးရွာ၏အလုပ်လုပ်နိုင်သည့် လူဦးရေ အများစုသည်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးကြပါသည်။ ကျေးရွာတွင် စီးပွားရေးလုပ်ကိုင်သည့် အိမ်ခြေကွာခြားရခြင်းမှာ သားသမီးများ၏ အထောက်အပံ့ကိုယူရသော မိဘများရှိသောကြောင့် ကွာခြားရခြင်းဖြစ်ပါသည်။**

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ | နေ့စား | - | - | - | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | သင်တန်းပေးသူ စသည်) | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီးကျား/မဝင်ငွေ ခြားနားရခြင်းမှာလည်း လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင်မူ တည်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၂၁ | ကောင်း ☐ သင့်✓ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၅ | ကောင်း ☐ သင့်✓ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၃၀၆ | ကောင်း ☐ သင့်✓ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၁ | ကောင်း ☐ သင့်☐ ညံ့ ✓ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၅၄၃ | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ပေါလောကျေးရွာတွင်လယ်မြေ (၂၂၁)ဧက၊ ယာမြေ (၁၅)ဧကရှိပါသည်။ ဥယာဉ်ခြံမြေ (၃၀၆)ဧက နှင့်စာကျက်မြေ (၁)ဧကရှိပြီးမြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်သည့် လယ်ယာမြေများလည်း ဖြစ်ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ✓ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်✓ နည်း☐ မရှိ☐ | လွယ်✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း✓မရှိ☐ | လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း✓ မရှိ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ပေါလောကျေးရွာပိုင်နက်အတွင်း တွင်းထွက်သယံဇာတများမရှိပါ။ သဘာဝအပင်မျိုးစိတ်များ နည်းပါးသော်လည်း နွား၊ဆိတ်စသော တိရိစ္ဆာန်များအတွက် လွတ်ကျောင်းရန် အစာအနည်းငယ်ရရှိနိုင်ပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း(သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၆ | ၈၃ | ၅၇ | ၄၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ပေါလောကျေးရွာတွင် စီးပွားရေးအဆင်ပြေသောအိမ်ထောင်စုများလည်း ရှိပြီးကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများလုပ်ကိုင်ကြသည်။ မပြေလည်သော အိမ်ထောင်စု

များသည် မြေငှားရမ်း၍စိုက်ပျိုးရေးလုပ်ငန်း၊ လက်သမား၊ပန်းရံလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်ဈေးဆိုင်များဖြင့်အသက်မွေးဝမ်းကျောင်းပြုကြသည်။ အလွန်မပြေလည်သောအိမ်ထောင်စုများသည် ကောက်စိုက်၊ ပျိုးနုတ်စသည့်ရာသီအလိုက် ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်းလုပ်ကိုင်ကြသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက်<br>ဝမ်းစာဖူလုံမှု | ၅၅ | အခြားအစာပြောင်းလဲစား= __________<br>အစာလျှော့စား= __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = ၂၄<br>လုပ်အားခကြိုယူ= ၂၉ |
| ၃ လနှင့် ၆ လကြား<br>ဝမ်းစာဖူလုံမှု | ၄၂ | အခြားအစာပြောင်းလဲစား= __________<br>အစာလျှော့စား= __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = ၁၆<br>လုပ်အားခကြိုယူ= ၂၆ |
| ၆လ မှ ၁၂ လအထိ<br>ဝမ်းစာဖူလုံမှု | - | အခြားအစာပြောင်းလဲစား= __________<br>အစာလျှော့စား= __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ= __________ |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ပေါလောကျေးရွာရှိဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူရာတွင်ကောက်ယူခဲ့သည့် အိမ်ထောင်စု စုစု ပေါင်း၏ (၅၆.၇) ရာခိုင်နှုန်းမှာ (၃) လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၄၃.၂၉) ရာခိုင်နှုန်းမှာ (၃ - ၅) လ အထိသာဝမ်းစာဖူလုံမှုရှိပြီး ကျန်ကာလများတွင် ချေးငှားခြင်းနှင့် လုပ်အားခကြိုတင်ယူခြင်းဖြင့် ဖြေရှင်းကြသည်။ ဆန်ရှားပါးမှုနှင့် ဆန်ဈေးကြီးမှုကြောင့် အခြားအစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ ထမင်းတစ်နပ်လျှော့စားခြင်း၊ တစ်ရက်လုံးလျှော့စားခြင်းများမှာ တစ်ခါမှ မဖြစ်ဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက် ရလဒ်အရ သိရပါသည်။ မြေယာမဲ့ ကျပန်းသမားများမှာ အခြားသော အချိန်များတွင်မူ ခေါက်ပြန်ကြွေးယူခြင်း၊ အတိုးဖြင့်ငွေချေးခြင်းတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ပေါလောကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ်များ မရှိပါ။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ✓ နိမ့် ☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ✓ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ပေါလောကျေးရွာတွင် သဘာဝဘေးအဘေးအန္တရာယ် ဆိုးဆိုးရွားရွား အခြေအနေမျိုးမရှိပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ မိုးရာသီတုပ်ကွေးဖျားနာခြင်းသာရှိပြီး အခြား သောရောဂါများ ဖြစ်ပွားမှုမရှိပါ။ ကျေးရွာသူကျေးရွာသားများ စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ ရာသီကူးပြောင်းမှုများ တွင်ကြက်နာ ရောဂါဖြစ်ပွားမှုအနည်းငယ်တွေ့ရပါသည် ။ကျေးရွာတွင်လူကုန်ကူးမှုမရှိပါ။ လမ်းပန်းဆက်သွယ်ရေး အခြေအနေကောင်းမွန်ပါသည်။

(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐နိမ့်✓ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐လတ် ☐နိမ့်✓ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐လတ် ✓ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐လတ် ✓ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐လတ် ☐နိမ့်☐ မရှိ ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐လတ် ☐နိမ့်✓မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ✓ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐လတ် ☐နိမ့်☐ မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ပေါလောကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု များနှင့် လက်လုပ်လက်စားကျပန်း လုပ်ကိုင်သည့်အိမ်ထောင်စုများ ရှိသဖြင့် ၎င်းအိမ်ထောင်စုများ သည်သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့်အခြေအနေများကြုံတွေ့ပါကအခြား အိမ်ထောင်စု များထက်ပို၍ထိခိုက်ခံစားလွယ်နိုင်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး | ၁☐ ၂✓၃ ☐ | ၁၆ | | ၁၆ | ပညာရေး✓ငွေကြေး☐<br>ကျန်းမာရေး✓ဘာသာရေး✓စိုက်ပျိုးမွေးမြူရေး ✓<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး✓ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |
| ၂ | အရံမီးသတ် | ၁☐ ၂✓၃☐ | ၇ | - | ၇ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး✓ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |
| ၃ | လူငယ် | ၁☐ ၂✓၃☐ | ၃၅ | ၃၅ | ၇၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း✓<br>သင့် ☐<br>ညံ့ ☐ |
| ၄ | အမျိုးသမီး ရေးရာ | ၁☐ ၂✓ ၃☐ | - | ၅ | ၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး✓ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၅ | ကျောင်းကော် မတီ | ၁☐ ၂✓၃☐ | ၄ | ၃ | ၇ | ပညာရေး✓ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐ | ကောင်း ✓<br>သင့် ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင် နိုင်မှု (မှန်ရာတစ် ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | | | | | စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ညံ့ ☐ |
| ၆ | မိခင်နှင့် ကလေး | ၁☐ ၂✓၃☐ | - | ၅ | ၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး✓ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ☐<br>သင့်<br>✓ညံ့<br>☐ |
| ၇ | ဂေါပကအဖွဲ့ | ၁☐ ၂☐၃☐ | ၁၀ | - | ၁၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ပေါလောကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင်အမျိုးသမီးများ ပါဝင်ခြင်းမရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့များအားလုံး စုပေါင်း၍ စည်းလုံးစွာဖြင့်ဆောင်ရွက်ကြပါသည်။ အရန်မီးသတ် လူငယ်များမှာလည်း ကျေးရွာ၏မီးဘေးလုံခြုံရေးအတွက် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြပါသည်။ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့များပူးပေါင်း၍ ကျေးရွာသို့ကျန်းမာရေးနှင့်ပတ်သက်၍ မြို့နယ်မှကွင်းဆင်း ဆောင်ရွက်သည့်ကိစ္စများအား လိုက်ပါဆောင်ရွက်ပေးကြပါသည်။ ကျောင်းအကျိုးတော်ဆောင် အဖွဲ့မှာလည်း ကျောင်း၏လိုအပ်ချက် များနှင့်ကလေးများပညာသင်ကြားရာတွင် အခက်အခဲ မရှိစေရန်အလေးထားဆောင်ရွက်နေပါသည် ။လူမှုကူညီရေးအသင်း၊ကာလသား၊ ကာလသမီး အဖွဲ့များသည် ကျေးရွာ၏သာရေးနာရေးနှင့် အခြားသောပရဟိတလုပ်ငန်းများတွင် အတူတကွ စုပေါင်းလုပ်ကိုင်နေကြ ပါသည်။

**(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

